# အခန်းကြီး (၈)

# နောက်ဆုံးသောအတွေးများ

## ဒါဝင်မှ ခရစ်တော်ထံသို့

ကျွန်ုပ်တို့သည် ကပ်လျက်ရှိသော အဆောက်အဦးသို့ အညောင်းအညာပြေ လမ်းလျှောက်ရန်အတွက် တိတ်ဆိတ်စွာဖြင့်အိပ်ဆောင်မှ ထွက်လာသော အချိန်နှင့် ဆောင်းရာသီ မနက်ခင်းအချိန်များသည် မှောင်မိုက်ပြီး အေးချမ်းလျက် ရှိပါသည်။ ကျွန်ုပ်အမှတ်ရသော အလွန်ပင်ငြိမ်းချမ်းသော အရာသာတစ်ခုမှာ တစ်ရက်တွင် ၂နာရီ စည်းကမ်းလုပ်ပြီး၊ တိတ်ဆိတ်စွာနေသကဲ့သို့ ကျွန်ုပ်တို့ တစ်ယောက်စီတိုင်းသည် တိတ်ဆိတ်ခြင်းနှင့် ဝန်းရံနေခဲ့သည်။ တစ်နေ့လုံး ကျွန်တော်တို့ကို မစရန် ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ ခွန်အားယူပြီး၊ ဆုတောင်း သကဲ့သို့ ကျွန်တော်တို့ထဲ၌ရှိသော စဉ်းစားခြင်းများသည် ကူးစက်သောအချိန် ကာလဖြစ်လိမ့်မည်။

၃၅ ယောက်သော ဆယ်ကျော်သက်အရွယ်ဘာသာရေးကျောင်းသား များသည် နေ့စဉ်ဤ ပုံမှန်လုပ်ရိုးလုပ်စဉ်လုပ်ငန်းအတိုင်း လိုက်နာရကြပြီး၊ မနက်အစာပြေ စားချိန်ထိတိုင် ၂နာရီကြာ တိတ်ဆိတ်စွာနေရကြသည်။ အမည်း ရောင်ဝတ်စုံကိုဝတ်ဆင်ကာ မိုင်ပေါင်းများစွာဝေးသော ရွာများကို အထက်စီး မှကြည့်နိုင်ခြင်းသော်၎င်း၊ အထီးကျန် အဖော်မဲ့စွာသော အလင်ရောင်များ၏ ပျံ့ကျဲနေသော အရောင်များကို တွေ့နိုင်ရန်သော်၎င်း၊ အာရုဏ်မတက် အရောင်ဖျော့သော လူသားများ၏ လှုပ်ရှားမှု အနည်းငယ်သာရှိသော လက္ခဏာသည်တို့ကိုမြင်နိုင်သော တောင်ထိပ်ဆီသို့သွားသောလမ်းကို ကျွန်ုပ်တို့ သွားရသကဲ့သို့ သဘာဝပုံစံအတိုင်း တန်းစီရကြသည်။ မနက်ခင်းတိုင်း ကျွန်ုပ်တို့သည် ဒွန်ဘွန်စကို (Don Bosco) မျော်စင်ရုပ်ထုအောက်၌ လမ်းလျှောက်ကြ ပြီး၊ ဖြန့်ကားထားသော လက်နှင့် ကြည့်နေသောလမ်းအတိုင်း ဖြတ်လျှောက် ခဲ့ကြသည်။ ချစ်ခြင်း မေတ္တာနှင့် ခရစ်တော်အတွက်သယ်ဆောင်ပေးသော လူငယ် လူရွယ်များနှင့် သင်ကြားခြင်းနှင့် အလုပ်လုပ်ကြသော ယဇ်ပုဟိတ်များနှင့် ဘုန်းတော်ကြီးဖြစ်ရန် ကျွန်ုပ်တို့၏ တာဝန်ကို အသိရစေသကဲ့သို့ သူ၏ဘေးတွင် ကလေး နှစ်ယောက်ရပ်နေသည်။

စိန့်ဂျွန်ဘိုစကို သည် ၁၈၅၉ခုနှစ်တွင် တာအင်၊ အီတလီနိုင်ငံတို့တွင်  ကတ်သိုလိပ် ဆဲလ်ဆီယမ် အသင်းအဖွဲ့ (Catholic Salesian Society)ကို တည်ထောင်ခဲ့သည်။ ယခုလက်ရှိ အချိန်တွင် ထိုအဖွဲ့အစည်းသည် နိုင်ငံပေါင်း ၁၂၀ကျော်တွင် ၄၀၀၀၀ ကျော်သော ယဇ်ပုဟိတ်များ၊ ဘုန်းတော်ကြီးများနှင့် သီလရှင်များရှိနေပြီးဖြစ်သည်။ ဒွန်ဘိုစကို (အီတလီတို့၏ ဖခင်)သည် ဆင်းရဲ သောသူများနှင့် လိုအပ်နေသော ကလေးသူများအတွက် နှလုံးသားရှိသော သူဖြစ်ပြီး၊ ထိုသူများကို စက်မှုပညာနှင့် အသက်မွေးဝမ်း ကြောင်း လုပ်ငန်းများကို ကျွမ်းကျင်အောင် သင်ကြားပေးခဲ့သောကြောင့် သူတို့သည် အကျိုးရှိသော လူသားများဖြစ်လာကြသည်။ သူ၏သာသနာပြုခြင်းအတွက် မောင်နှင်းနေသော စွမ်းအားသည် လူငယ်လေးများ လက်ခံရရှိသော ဘာသာရေးရာ သင်ကြားခြင်း ပင်ဖြစ်သည်။ ခေါ်ခြင်းကိုခံရသောသူများသည် ဆဲလ်ဆီယမ် (Salesians) ရာထူးနေရာများတွင် ဝင်ရောက်ခွင့်ရလိမ့်မည်။

ကျွန်ုပ်တို့သည် ကျောင်းသားငယ်များဖြစ်ခဲ့ကြပြီး၊ ယဇ်ပုရောဟိတ်များ ဖြစ်လာရန် မျော်လင့်ချက်ရှိသော သစ္စာပြုခြင်းနှင့်အတူ ဤကျောင်းတော်ကြီး၌ အထက်တန်း ကျောင်းသားအရွယ်ထိ ယောကျာ်းလေးများသည် တက်ရောက် ကြရသည်။ ပွဲတော်နှင့် ဆုတောင်းခြင်းအစီအစဉ်အတွက် တစ်ချိန်တည်း မနက် ခင်းတိုင်း အစည်းအဝေးခန်းမ ထဲသို့ဝင်ပြီး ကျွန်တော်တို့၏ နေ့စဉ် ပုံမှန်အချိန် ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အစီအစဉ်သည် ကျွန်ုပ်တို့ကို အလုပ်ရှုပ်စေပြီး၊ ကျွန်ုပ်တို့ကို အစည်းအဝေးခန်းမမှ စာသင်ခန်းမနှင့် အပြင်ဘက်အားကစားပွဲ များသို့ ရွေးလျားစေသည်။ ကျွန်ုပ်တို့သည် အပိုချိန်မရှိသောအချိန်နှင့် အမြဲ နိုးထစွာ ထိတွေ့နေခဲ့ကြသည်။ ဆဲလ်ဆီယာမ်များသည် ကျွန်တော်တို့ကို ဤနည်း လမ်းအတိုင်း ကျွမ်းကျင်သော ဆဲလ်ဆီယာမ်းဆရာများဖြစ်လာရန်နှင့် ကြောက် ရွံ့ခြင်း (သို့) ခြိမ်းခြောက်မှုများဖြင့် အုပ်ချုပ်ခြင်းမဟုတ်ဘဲ၊ စိတ်ဓာတ် လျှံဆော်မှုနှင့် ခွန်အားပေးခြင်းစသော အကျင့်စရိုက်နှင့် အခြားသောသူများကို ကောင်းမွန်စွာ သင်ကြားပေးနိုင်သောသူများ ဖြစ်စေရန် သင်ကြားပေးခဲ့ကြ သည်။ ၃၅နှစ်တိုင် သင်ကြားရေးပြုလုပ်ခဲ့သော ကျွန်ုပ်သည် ယခုလိုမျိုး ပညာရေးဆိုင်ရာ အတွေးအခေါ်ကို ကျွန်ုပ်ဘယ်သောအခါမျှ မေ့လိမ့်မည်မဟုတ်ပါ။ ထိုအရာသည် ၆ တန်း (သို့မဟုတ်) တက္ကသိုလ်များ၌ အသုံးပြုပါသလား မပြုသလားဆိုတာကို ကျွန်ုပ်မသိသော်လည်း ထိုအရာသည် အမှန်တကယ်ပင် အလုပ်လုပ်ကြောင်းကို ကျွန်ုပ်တွေ့ရှိခဲ့ပါသည်။

ထိုအရာသည် ၁၉၆၀ခုနှစ်အစောပိုင်းကာလများ၌ ကျွန်ုပ်၏အသက် တာအစိတ်အပိုင်းကို ပျော်ရွှင်စေခဲ့သောအရာတစ်ခုပင်ဖြစ်ပါသည်။ ကျွန်ုပ် သည် နယူးယောက်မြို့နှင့် ၃၅ခန့်ဝေးကွာသော ဟွန်ဆန် (Hudson) မြစ်မှကြည့် ရှုနိုင်သော  အနောက်ဟတ်ဗာစတိုး (West Haverstraw)ရွာငယ်လေး၏ သဘာဝပသာဒကို မှတ်ဉာဏ်ထဲတွင် သတိရမိသည်။ ၄နှစ်တိုင်တိုင် ကျွန်ုပ်၏ အသက်တာကို ကျမ်းစာကျောင်း၌ ပေးဆပ်ထားသကဲ့သို့၊ ကျမ်းစာကျောင်း၌ အချိန်ကုန်ဆုံးခဲ့ပြီး၊ သင်ကြားပေးနေသော ဆဲလ်ဆီးယာမ်း ဘုန်းတော်ကြီးများ ကဲ့သို့သော တူညီသော အောင်မြင်ရရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား များသည် အသိအမှတ်ပြုခြင်းကိုခံခဲ့ရပါသည်။

သူတို့သည် မှားယွင်းသောသူများဖြစ်ကြပါသည်။

နွေရာသီပြီးဆုံးပြီးနောက် ကျမ်းစာကျောင်းတွင်ရှိသော ကျွန်ုပ်သည်  နောက်ဆုံးနှစ်တွင် ဆင်းရဲခြင်း၊ နာခံခြင်းနှင့် ဗြဟ္မစရိယကျင့်ခြင်းတို့အတွက်    အဓိဋ္ဌာန်ပြုခြင်း၏ ပို၍ကြားမားများပြားလှသော ခြေလှမ်းများနဲ့ ကြုံခဲ့ရသည်။ ဘုရားသခင်၏အလုပ်ကိုလုပ်ဆောင်ရန် (သို့မဟုတ်) နာခံခြင်းရရန် နည်းပါး သော ပိုင်းဆိုင်သည့်ပစ္စည်းများကို ပေးအပ်ရန် ကျွန်ုပ်အတွက် ပြဿနာမရှိပေ။ သူတို့ကျွန်ုပ်ကိုဘယ်နေရာပင် ပို့ပို့ ကျွန်ုပ်သွားဖို့အသင့်ပင်ဖြစ်ပါသည်။ ထိုအရာ သည် ကျွန်ုပ်အထဲ၌ နေရာယူခဲ့မည်လျှင်

ဘယ်သောအခါမျှ လက်ထက်ခြင်းမ ပြုရန် ဘုရားသခင်ကို ကတိပေးခဲ့ပေလိမ့်မည်။ ကျွန်ုပ်တို့သည် လက်ထပ်ထိန်း မြားခြင်းနှင့် လာမည့် တာဝန်ဝတ္တရားထဲ၌ ပါဝင်ကြရမည့်အစား ကျမ်းစာ ကျောင်း၌ သင်ကြားခြင်းကိုခံခဲ့ရပြီး၊ ကျွန်ုပ်တို့သည် အသင်းတော် လက်ထပ် ထိန်းမြားပြီး၊ ထိုသာသာနပြုခြင်းအတွက် ပြည့်ပြည့်ဝဝ ဆက်ကပ်သောသူများ ဖြစ်လာကြသည်။

စိတ်နာကျင်ခံစားစေသော စဉ်းစားဆင်ခြင်ခြင်းများပြီး ဆုံးပြီးနောက် ကျွန်ုပ်သည် ထွက်ခွါရန် ဆုံးဖြတ်ချက်ကိုချခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် လက်ထပ်ခြင်းကို ပြုလုပ်ချင်လိမ့်မည်ကို သိသောကြောင့်ပင်ဖြစ်ပါသည်။ ကျွန်ုပ်၏ အသက်၁၈နှစ် အရွယ်တွင် အလွန်လှပသော အစိမ်းရောင် တောင်တန်းများမှ ထွက်ခွါခဲ့သည်။ ကျွန်ုပ်သည် ထိုနေရာ၌ရှိခဲ့သော ကျွန်ုပ်၏နှစ်များစွာကို ယနေ့ထိတိုင် ကျွန်ုပ်၏မှတ်ဉာဏ်ထဲ တွင် ရင်ဝယ်ပိုက်ထားသည်။

ဘရွတ်လေး (Brooklyn)၌ရှိသော အိမ်ကိုပြန်ရောက်လာပြီး၊ ကျွန်ုပ်သည် ကောလိပ်ကျောင်းသားတစ်ယောက်အဖြစ် ဖြစ်လာသည်။ နယူးယောက် မြို့ပတ်လည်၌ရှိသော အခြားသော ထောင်ပေါင်းများစွာသော သူများနှင့်အတူ ကျွန်ုပ်သည် တန်ဖိုးနည်းသော အမြင့်ဆုံးပညာရေးအခွင့်အရေးကိုရယူခဲ့သည်။ ကျွန်ုပ်သည်ကျမ်းစာ ကျောင်း၌ဆည်းပူးခဲ့သော ကျွန်တော်မျက်နိုးသည့် သိပ္ပံ ပညာအတွက် ကျွန်ုပ်၏ ပြင်းပြစိတ်ကို ဆက်လက်လုပ်ဆောင်ရန် ကောလိပ် ၌စာရင်းသွင်းခဲ့သည်။

ကျွန်ုပ်သည် ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်း၏ အယူအဆနှင့်အတူ ဓာတုဗေဒမေဂျာကိုတောင် စိန်ခေါ်ခဲ့ပါသည်။ ကျွန်ုပ်၏ပထမဆုံးသော အတန်းသည် စိတ်အား ထက်သန်သော ဆင့်ကဲဆင့်ကဲ ပြောင်းလဲခြင်းကိုလက်ခံသောသူ သင်ကြားသော ဇီဝဗေဒဘာသာရပ်ပင်ဖြစ်ပါသည်။ ကျွန်ုပ်သည် သင်ကြားမှုပြီး ဆုံးပြီးနောက် မေးခွန်းများကို မေးဖို့ရန် မကြာခဏနေခဲ့ပြီး၊ လျှင်မြန်စွာဖြင့် အမြင့်မှန်ရခဲ့သည်မှာ ဤပါမောက္ခသည် ခရစ်ယာန်ဘာသာနှင့် ပုဂ္ဂိုလ်ရေးရာ ဒေါသထွက်သော ဘုရားမဲ့ဝါဒီတစ်ယောက်ဖြစ်သည်။ သို့သော်ငြားလည်း ကျွန်ုပ်သည် ကျွန်ုပ်၏ယုံကြည်ချက်၌သော်၎င်း၊ သူ၏ဝေဖန်ချက်၌သော်၎င်း အမှားမကျူးလွန်ခဲ့ပါ။ ကျွန်ုပ်သည် အမှန်စင်စစ် သူကို အလွန်သဘောကျပြီး၊ လက်ခံယုံကြည်ခြင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

ရှင်းလင်းစွာပြောဆိုနိုင်သော၊ လှုပ်ရှားတတ်ကြွသော ဤလူငယ် ပါမောက္ခသည် ကျောင်းသားများ၏လိုအပ်ချက်ကို ရှာဖွေပြီး ကူညီပေးရန် အသင့်ရှိနေသော စံပြဆရာ တစ်ယောက်ဖြစ်သည်။ သူသည် ဘုရားသခင်ကို ဆန့်ကျင်သောစကားများကိုပြောဆိုပြီး၊ သူသည် ဘုရားမဲ့ဝါဒီတစ်ယောက်ဖြစ် ကြောင်း ကျွန်ုပ်အပါဝင် သူချစ်ခင်သော ကျောင်းသူ၊ ကျောင်းသားများကို ကြေငြာခဲ့သည်။ သူသည် ဘုရားသခင်ကိုမယုံကြည်သောသူ တည်ရှိခြင်း၏တန်ဖိုးကို သိသောသူတစ်ယောက်ဖြစ်ပြီး၊ သူသည် အလွန်ပင် ဩဇာရှိ သောသူတစ် ယောက်ဖြစ်သည်။

ဤဘုရားမဲ့ဝါဒီ ပါမောက္ခနှင့်အတူ ကျွန်ုပ်၏သူငယ်ချင်းများသည် ကမ္ဘာကျမ်း၌ ရှိသောကျွန်ုပ်၏ ယုံကြည်ခြင်ကို စိန်ခေါ်ခဲ့ကြသည်။ “အာဒံနှင့် ဧဝကို ဘယ်လိုအားဖြင့် ယုံကြည်တာလဲ” “နော်ဧသေဘော်ာ အမှန်တကယ်ပင် ရှိခဲ့တာလား (သို့) အဲဒါက ယုံတမ်း ပုံပြင်ဇာတ်လမ်းလား” ဟူသောမေးခွန်းကို မေးလိုက်သည့် အချိန်တွင် သူတို့သည် အထင် သေးစွာဖြင့် ရယ်မောခဲ့ကြသည်။ “အေးစက်နေသော သိုလှောင်ရုံထဲမှာ ကျွန်တော့်ရဲ့ ဦးနှောက်ကို ထိန်းသိမ်းထား ရမလား၊ ဒါမှမဟုတ် သိပ္ပံပညာ၏ အချက်အလက်အများနှင့် တွေ့ရန် အသုံးပြု ရလား”ဟူသော ဘုရားသခင်၏ တည်ရှိခြင်း၊ အံ့ဩဖွယ်ရာကောင်းခြင်းနှင့် ထိုမေးခွန်းများကို တဖြည်းဖြည်းအစပြုခဲ့သည်။

ဒါဝင်၏ ဇစ်မြစ်၏ မျိုးစိပ်ကို မဖတ်ရှုခြင်းကတည်းက ထိုမေးခွန်းများ ကို ကျွန်တော်ဖြေဆိုခဲ့ပြီဖြစ်သည်။ ကျွန်တော် ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းကို ယုံကြည်ချင်ပါသည်။ သို့သော် ကျွန်တော် ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းကို ယုံ ကြည်ခဲ့လျှင် ကမ္ဘာဦးကျမ်း ဖြစ်စဉ်နှင့် သမ္မာကျမ်းစာတစ်အုပ်လုံးနှင့် မည်ကဲ့ သို့ လုပ်ဆောင်သင့်သနည်း။ ကျွန်ုပ်အတွက် ညှိနိုင်၍ရသောနေရာနှင့် အလယ် အလက်လမ်းစဉ်မရှိပါ။ ကျွန်တော်သည် သမ္မာကျမ်းနှင့် ဘုရားသခင်ကို စွန့်ပစ် ခဲ့သည်။ ထိုအရာသည် နယူးယောက်မြို့၌ရှိသော ဘုရားမဲ့ဝါဒကို စိတ်အားထက် သန်စွာ ပိုက်ထွေးရန် အနောက်ဟတ်ဗာစတိုး (West Haverstraw)၌ ငြိမ်သက် စွာ ဆုတောင်းခြင်းနှင့် ခွန်အားယူခြင်းခဲ့သော ကျွန်ုပ်၏နေရက်များသည် ၆လ တောင်မကြာခဲ့ပေ။

ကျွန်ုပ်၏ဆုံးဖြတ်ချက်ကို ပြန်၍သုံးသတ်သောအခါ ကျွန်ုပ်သည် ဆင့်ကဲ ဆင့်ကဲပြောင်းလဲခြင်း၏ ကြွေညာချက်များကို အလွန်အရေးပါသော ခွဲခြားစိတ် ဖြာမှုမပြုလုပ်ခဲ့ကြောင်းကို သတိရမိသည်။ ကျွန်ုပ်ထိုအရာကို လက်ခံခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ထံသို့ ရွေးချယ်စရာမရှိသကဲ့သို့ ထိုအရာ၏ စိတ်ပိုင်းဆိုင်ရာ ဆွဲဆောင်မှုကြောင့်ပင်ဖြစ်ပါသည်။ ဒါဝင်၏ ဇစ်မြစ်ကို ယုံကြည်အားထားရသော၊ မှန်ကန်သောအရာထဲ၌ ကျွန်ုပ်၏ ယုံကြည်ခြင်းကို ထားနိုင်သောအရာအဖြစ် ရွေးချယ်စရာ မရှိသော သမ္မာကျမ်းစာ သဖွယ်ဖတ် ရှုခဲ့သည်။

ကျွန်ုပ်၏ လောကီရေးရာဆိုင်ရာ ကောလိပ်ပတ်ဝန်းကျင်သည် ဘုရား သခင်ကို ယုံကြည်ရန် ဖြစ်စေသောနေရာမဟုတ်ပါ။ ကျွန်ုပ်၏သူငယ်ချင်းများ၊ ဇီဝဗေဒပါမောက္ခ၊ ကျောင်းစာအုပ်များနှင့် ၁၉၆၀ခုနှစ်၌ ဝိညာဉ်ရေးတိုက် ပွဲစသောအရာအားလုံးသည် “ဩဇာရှိရှေးရိုးဝါးဒီ”မှ လွတ်မြောက်ရန် ရှေ့သို့ ညွှန်ပြခဲ့သောအရာများဖြစ်ပါသည်။ ထိုအရာသည် သိပ္ပံပညာ၌ အခြေခံထားသော အသိဉာဏ်ရှိသော ဆုံးဖြတ်ချက်ကဲ့သို့ ဖုံးကွယ်ထားသည်။ သို့သော် ကျွန်ုပ်၏ အသက်တာ၌ ပြင်းထန်သော ပြောင်းလဲမှု ဖြစ်ချင်ခဲ့သည်မှာ တကယ့် အမှန်တရားပင်ဖြစ်ပါသည်။ ကျွန်ုပ်ဘုရားသခင်နှင့်သူ၏ နိယာမများနှင့် ပြုလုပ်ချင်ခဲ့သည်။ ထိုအရာအားလုံးသည် ကောလိပ်တက်ခဲ့သောအချိန်နှင့် သိပဆိုင်ရာ ကျောင်းဆရာကဲ့သို့သော သင်ကြားခြင်းအသက်မွေးဝမ်းကျောင်း လုပ်ငန်းစသည်တို့အားဖြင့် ပြုလုပ်ခဲ့သည်။ ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းထဲ၌ ကျွန်ုပ်၏ ယုံကြည်ခြင်း ပျောက်ဆုံးခဲ့ပြီး၊ ကောလိပ်ကျောင်းသားများသည် ဆင့်ကဲ ဆင့်ကဲပြောင်းလဲခြင်းကို သင်ကြားသောအကျိုးဆက်ကြောင့် ဖြစ်ပျက်လာသည်ဟု ဝီးလျှံမ် ဂျေးနင်းစ် ဗာရမ်း (William Jennings Bryan) ဥပမာဖြင့် ပြောဆို သကဲ့သို့ ပင်ဖြစ်လာခဲ့သည်။

ကျွန်ုပ်သည် ဘုရားမဲ့ဝါဒီတစ်ယောက်သာမက ထိုအရာကို စိတ်အား ထက်သန်စွာ ထောက်ခံသောသူတစ်ယောက်ဖြစ်လာသည်။ ဘုရားသခင်နှင့် သမ္မာကျမ်းစာသည် ကျွန်ုပ်ကို ယခုအချိန်တွင် စိတ်ဆိုးစေခဲ့ပြီး၊ ထိုအရာသည် အစိုးရစာသင်ခန်းများ၌ စာသင်ပေးသောအချိန်တွင် ကျွန်ုပ်ကို ယုံကြည်ခြင်းကို ဆက်သွယ်သော ကျွန်ုပ်၏ လုပ်ငန်းစဉ်ဖြစ်လာသည်။ ကျွန်ုပ်သည် အတန်း ထဲတွင် ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းကို အမြဲပင် ဖုံးအုပ်ခဲ့သည်။ အဘယ့်ကြောင့် ဆိုသော် ထိုအရာသည် မရှိ မဖြစ် အရေးကြီးသော အရာကို တွေးထင်ခဲ့ပါသည်။ ကျွန်ုပ်၌ လူငယ်များ၊ စူးစမ်းချင်စိတ်ပြင်းပြသော ပညာရှင်များကို သင်ကြား ပေးရန် စွမ်းရည်ရှိပြီး၊ အားရ ကျေနပ်ခြင်းများကိုတွေ့ရပြီး၊ အခန်းထဲ၌သင်ကြားရသော အတွေ့အကြုံနှင့် ပျော်ရွှင်ခဲ့သည်။ ကျွန်ုပ်သိပ္ပံစာသင်ချိန်၌ ပျော်ရွှင်သော ကျောင်းသားများသည် ကျွန်ုပ်၏ဆင့်ကဲ ဆင့်ကဲ

ပြောင်းလဲခြင်းဆိုင်ရာလုပ် ငန်းစဉ်ကို မိတ်ဆက်ရန် အခွင့်အရေးပေးသော သူငယ်ချင်းများဖြစ်လာကြ သည်။ သူတို့ မေခွန်းပေးကြသောအချိန်တွင် ကျွန်ုပ်၏မေးခွန်းများသည် ဘုရားမဲ့ဝါဒနှင့် ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်း လမ်းစဉ်ပေါ်၌ ရှိနေခဲ့ကြသည်။

ချာလ်ဒါဝင်သည် ခရစ်ယာန်ဘုန်းတော်ကြီးဖြစ်ရန် ကမ်းဘရိတ် (Cambridge)သို့ စာသင်ရန် သွားရောက်ခဲ့ပြီး၊ ကျွန်ုပ် ကျမ်းစာကျောင်း၌ ရှိနေသကဲ့သို့ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သူ့ပတ်လည်၌ ဝန်းရံနေ ခဲ့သည်။ သူသည် ခရစ်ယာန်ယုံကြည်ခြင်းကို ဆက်ကပ်အပ်နှံခဲ့သော ကမ်းဘ ရိတ်၌ရှိသော လူတစ်ယောက်အားဖြင့် ဆရာတစ်ဆူဖြစ်ခဲ့သည်။ သို့သော် ဒါဝင်သည် အခြားသောလမ်းကို ရွေးချယ်ခဲ့ပြီး၊ ကျွန်ုပ်ပြုလုပ်ခဲ့သောအရာနှင့် တစ်ထပ်တည်းကျသောအရာဖြစ်နေသည်။ သူသည် သူ၏ ယုံကြည်ခြင်းကို အရှုံးပေးခဲ့ပြီး၊ ခရစ်ယာန်ဘာသာထဲ၌ရှိသော နည်းလမ်းသည် ကျွန်ုပ်၏စိတ်ကူးယဉ်ခြင်းကို အတုအဖြစ်ပြုလုပ်ခဲ့သည်ဟု ဖော်ပြကာ၊ အော့သိုဒေါက်စ် ယုံကြည်ခြင်းကို “အလွန်အလိုဆိုးဝါးသော အယူဝါဒ” ဟု ခေါ်ဆိုခဲ့သည်။

ဆာလံ ၅၃း၁ ၌ “ဘုရားမရှိဟု မိုက်သောသူသည် သူ၏နှလုံးသားထဲ ၌ဆိုတတ်သည်” ဟူသောသမ္မာကျမ်းစာသည် ဤသဘာဝဖြစ်စဉ်ကို ညွှန်ဆိုနေ ခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ၏ ဖြစ်တည်ခြင်းနေရာသည် အသိဉာဏ်ရှိသော (သို့) သိပ္ပံဆိုင်ရာ စဉ်းစား ဆုံးဖြတ်ချက်ကို ချရမည်အစား ဘုရားသခင်ထဲ၌ ရှိသောယုံကြည်ခြင်း၏ မေးခွန်းသည် တခြားသောသူများ၏ နှလုံးသားကို လျော့ကျစေသည်ကို လူဘယ်နှစ်ယောက် အမှန်တကယ်ပင် သိရှိမည်နည်းကို ကျွန်ုပ်မကြာခဏ အံ့ဩမိသည်။ သူ၏အချိန်ကာလများ၌ ထင်ပေါ်ကျော်ကြား ပီး၊ ဉာဏ်ရည်ထက်မြက်သော ဆင့်ကဲ့ဆင့်ကဲ ပြောင်းလဲခြင်းဝါဒီအဖြစ်သော်ငြင်း၊ ထင်ရှားကျော်ကြားသော ရာပေါင်းများစွာသော သိပ္ပံစာအုပ်များနှင့် စိတ်ကူးယဉ် သိပ္ပံဇတ်လမ်းများကို ကို ရေးသားသော အိုက်ဇက် အက်စီမော့ (Isaac Asimov)၏ မေးမြန်ခြင်း၌ ပြောထားသည်မှာ

ကျွန်ုပ်သည် လုံးလုံးလျားလျား ဘုရားမဲ့ဝါဒီတစ်ယောက်ဖြစ်ပါသည်။ ထိုအရာကို ပြောဆိုဖို့ရန် ကျွန်ုပ်ကို အချိန်များစွာ ဆွဲယူခဲ့သည်။ နှစ်ပေါင်းများစွာ ကျွန်ုပ်သည် ဘုရားမဲ့ဝါဒီတစ်ဦးဖြစ်နေခဲ့သော်လည်း တစ်စုံတစ်ယောက်သည် ဘုရားမဲ့ဝါဒီဟု ပြောဆိုရန် ဂုဏ်သိက္ခာမရှိသော ပညာတတ်အဖြစ်ခံစားရ ပါသည်။ အဘယ်ကြောင့်ဆိုသော် လူတစ်ယောက်တွင်မရှိခဲ့သာ အသိပညာဟု ယူဆသောကြောင့်ပင်ဖြစ်ပါသည်။ မည်သို့ပင်စေကာမူ လူတစ်ယောက်သည် လူသားအကျိုးပြုဝါဒ (သို့မဟုတ်) ဘုရားတရား မယုံကြည်သောသူတစ်ယောက် အဖြစ်ပြောဆိုရန် ကောင်းသောအရာဖြစ်သည်။ နောက်ဆုံးတွင် ကျွန်ုပ်ဆုံးဖြတ် ချက်ချခဲ့သည်မှာ ကျွန်ုပ်သည် စိတ်ခံစားမှု သို့မဟုတ် အကျိုးအကြောင်း၏ သတ္တဝါတစ်ယောက်ဖြစ်ပါသည်။ စိတ်လှုပ်ရှားစွာဖြင့် ကျွန်ုသည် ဘုရားမဲ့ဝါဒီ တစ်ယောက်ဖြစ်ပါသည်။ ကျွန်ုပ်၌ ဘုရားသခင်မတည်ရှိခြင်းအကြောင်းကို သက်သေပြရန် အထောက်အထားမရှိပါဘူး။ သို့သော် ကျွန်ုပ် ခိုင်မာစွာသံသယ ရှိသည်မှာ သူမရှိသောကြောင့် ကျွန်ုပ်၏အချိန်ကိုအလကားမဖြစ်ချင်ပါဘူး။

အက်စီမော့နှင့်အတူ ကျွန်တော်ယုံကြည်သောဒါဝင်သည်လည်း ဘုရားသခင်ကို ဆန့်ကျင်ရန် စိတ်ခံစားမှုနှင့်ဆိုင်သော ရွေးချယ်မှုကိုပြုလုပ်ခဲ့ကြ သည်။ ထိုအရာများသည် ကျွန်ုပ်တို့၏ ဝိညာဉ်အသက်ရှင်သော နှလုံးသားမှလာသော အရာများဖြစ်ကြသည်။ ဘုရားသခင်ကို ဆန့်ကျင်သောရွေးချယ်မှုသည် အထောက်အားများမှ လှည်လာခြင်းမဟုတ်ဘဲ၊ ဖန်ဆင်းရှင်ကို ဆန်ကျင်သော လူတစ်ယောက်၏ ပုန်ကန်ထကြွခြင်းအပြစ် ဖြစ်သည့် စိတ်ခံစားမှုအားဖြင့် ပင်ဖြစ်ပါသည်။

ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းသည် အန္တရာယ်ရှိသော အတွေးအခေါ် ဖြစ်ပြီး၊ တရားဟောခြင်း၏ စိတ်အားထက်သန်မှုနှင့် ကျွန်ုပ်တစ်ကြိမ်တစ်ခါဆုပ် ကိုင်ခဲ့သည်။ ယခုအချိန်တွင် ကျွန်ုပ်သည် ယေရှုခရစ်တော်၌ အသစ်သော အသက်တာကိုရရှိပြီဖြစ်ပြီး၊ ဒေါက်တာ ကန်နေး (Kennedy)၏ အသင်းတော် ကော်ရယ် ရိတ်ချ် ပရက်စ်ဘက်တရီယန်း (Coral Ridge Presbyterian) အသင်းတော်အသင်းသားဖြစ်ပြီးနောက် ကျွန်ုပ်ကို သတင်းကောင်းရှင်းပြရန် အချိန်ယူခဲ့ကာ ၁၉၇၄နှစ်တွင် ထိုအသက်သည် စတင်ခဲ့သည်။

ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းလုပ်နိုင်တာကို ကျွန်ုပ်သိပါသည်။ ဘုရားသခင်ကိုရွေးချယ်ရန်အတွက် စိတ်အားထက်သန်သော နှလုံးသားများကို ဆွဲဆောင်ရန် တန်ခိုးရှိကြောင်းကို ကျွန်ုပ်နားလည်ပါသည်။ ဒါဝင်၏အယူအဆသည် အတွေးအခေါ်တစ်ခုသာဖြစ်ပြီး၊ ဆိုးသွမ်းသောသူများသည် များစွာသော လူသတ်သမားအဖြစ် အခြေခံအကြောင်းတရားကဲ့သို့ အသုံးပြုခဲ့သည်။ ထိုအရာ၏ လိမ်လည်လှည့်ဖြားခြင်းကို ပွေ့ပိုက်ကြသော သိန်းပေါင်းများစွာသောလူများအတွက် ဝိညာဉ်သေခြင်း၏ ကရိယာတန်ဆာပလာတစ်ခုပင်ဖြစ်ပါသည်။ ဒါ ကြောင့် ကျွန်ုပ်တို့ခရစ်ယာန်များသည် ကျွန်ုပ်တို့လုပ်နိုင်သည့်အရာအားလုံးကို ပြုလုပ်ရမည်ဖြစ်ပြီး၊ ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းကို ချေပငြင်းဆိုကာ၊ ကမ္ဘာ လောကကြီးကို ဖန်ဆင်းရှင်ထံသို့ ပြန်လည်ပို့ဆောင်ရန် ဖြစ်ပါသည်။

**THE END**